# Myanmar Transport and Logistics Council
# Founding Committee

စက်တင်ဘာလ ၁၈၊ ၂၀၁၆

အကြောင်းအရာ။ ။ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့် နှင့်တွေ့ဆုံခြင်း အစည်းအဝေးမှတ်တမ်း

စက်တင်ဘာလ ၁၆ ရက်နေ့တွင် MTLC ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်မြင့်၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးစန်းခိုင်လှနှင့် USAID-PSDA အဖွဲ့တို့သည် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးရုံးတွင် အမြဲတမ်းအတွင်းဝန်ဦးဝင်းခန့်နှင့် သွားရောက်တွေ့ဆုံခဲ့ ပါသည်။

တွေ့ဆုံရာတွင် ဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းပြီးခြင်း၊ အဖွဲ့ဝင်များရွေးကောက်ထားခြင်း၊ သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းများပြင်ဆင်ထားပြီး ဥပဒေအကြံပေးထံအပ်ထားခြင်း၊ ဆက်လက်၍ တရားဝင်မှတ်ပုံတင်ရန်ကြိုးပမ်းနေခြင်းများကို တင်ပြခဲ့ပါသည်။ ထို့အပြင် ဆွေးနွေးချက်စာတမ်း ၃ စောင်ကိုလည်းတင်ပြခဲ့၍ မိမိတို့အနေဖြင့် ၎င်းကိစ္စရပ်များအပေါ်တွင် ပြန်လည်ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မူဝါဒစာတမ်းတစ်စောင်နှင့် ဆိပ်ကမ်း congestion ကိစ္စအတွက် အချက်အလက်များကောက်ခံနေကြောင်း တင်ပြခဲ့ပါသည်။ အတွင်းဝန်မှ ပြန်လည်ပြောကြားရာတွင် အတွင်းဝန်အနေဖြင့်သာမက ပြည်ထောင်စုဝန်ကြီးသည်လည်း ဤကဲ့သို့ဖွဲ့စည်းမှုကို အပြည့်အဝထောက်ခံအားပေးကြောင်းနှင့် တင်ပြသည့်စာရွက်စာတမ်းများကို သေချာစွာလေ့လာသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။

သို့ရာတွင် အတွင်းဝန်အနေဖြင့်အကြံပြုလိုသည်မှာ ကောင်စီဟုခေါ်ဝေါ်လျှင် မှတ်ပုံတင်ရာတွင် အချိန်ကြာလင့်မည်စိုးရိမ်သောကြောင့် အတွင်းဝန်အနေနှင့်ရော၊ ဝန်ကြီးအနေဖြင့်ပါ ဖယ်ဒရေးရှင်းဟုပြောင်းလဲခေါ်ဝေါ်စေခြင်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်လုပ်ဆောင်သွားရန်အနေဖြင့် ဝန်ကြီးဌာနသည် ဆိပ်ကမ်းကိစ္စများဖြစ်သည့် အချိန်ကြာခြင်း၊ စရိတ်ကောက်ခံမှုများခြင်းများပြဿနာများကို များစွာပူပန်နေသဖြင့် ဤကိစ္စများကိုစုံစမ်းစစ်ဆေးရန် စာထုတ်ထားကြောင်း၊ တစ်ပြိုင်နက်တည်းမှာပင် Myanmar Transport and Logistics Federation အနေဖြင့် လေ့လာထားသည်များရှိလျှင် တင်ပြပေးစေလိုကြောင်းပြောကြားခဲ့ပါသည်။